# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

December 18, 2019 Volume 26, Number 13


**၁၈.၁၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၇၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၆၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၆/- ကျပ် |
| CBM Rate | = ၁၅၀၅.၂ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၅.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၀.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၁.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၇၅.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၀.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၁၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၁၈၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၉၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၃.၇၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၇၈၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## မြန်မာ့သရက်သီးနှင့် သစ်သီးဝလံများ ဂျာမနီသို့ တင်ပို့ရောင်းချနိုင်ရေးဆွေးနွေး



မြန်မာနိုင်ငံကထွက်ရှိသည့် ဥရောပစံနှုန်းနှင့်ကိုက်ညီကြောင်း လက်မှတ်ရထားသည့် သရက်သီးအပါအဝင် သစ်သီးဝလံများကို ဂျာမနီနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေး အတွက် ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်က ဂျာမနီနိုင်ငံ၌ ကျင်းပသည့်ဆွေးနွေးပွဲ၌ ထည့်သွင်းဆွေးနွေးခဲ့ကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာနက ဒီဇင်ဘာ ၁၆ ရက်တွင် ဖော်ပြသည်။ အဆိုပါဆွေးနွေးပွဲကို Wiesbaden ကုန်သည်ကြီးများအသင်းနှင့် မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးတို့၏ ဦးဆောင်မှုဖြင့် ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းဖြင့် ဂျာမန်ကုမ္ပဏီများ ရရှိနိုင်မည့်အခွင့်အလမ်းများ၊ အဓိကအားဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိပြီးဖြစ်သည့် ဥရောပစံနှုန်းနှင့်ကိုက်ညီကြောင်း လက်မှတ်ရရှိထားသော သရက်သီးအပါအဝင် သစ်သီးဝလံများကို Hesse ဈေးကွက်တွင်ရောင်းချနိုင်ရေးဆွေးနွေးခဲ့ ကြခြင်းဖြစ်သည်။

ထို့နောက် မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်က State Parliament Persident Mr.Boris Rhein, State Secretary on European Affairs Mr.Mark Weinmeister တို့နှင့်လည်း သီးခြားစီတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံရေး၊ နှစ်ဖက်လွှတ်တော်ကိုယ်စားလှယ်များ ထိတွေ့ချိတ်ဆက်နိုင်ရေး၊ ညီအစ်မတက္ကသိုလ်များ ထူထောင်ခြင်းဖြင့် ကျောင်းသားကျောင်းသူများ အပြန်အလှန် လည်ပတ်ပညာဆည်းပူးခွင့်ရရှိနိုင်ရေးအတွက် နိုင်ငံရေးဖေးမကူညီမှုများပေးအပ်ရန် ဆွေးနွေးခဲ့ကြသည်။

**Source:** https://myanmar.mmtimes.com/news/132523.html

## ၂၀၂၀ နှစ်ဦး ကျောက်မျက်ပြပွဲကျပ်ငွေ လေးဘီလျံရရန်မျှော်မှန်း



ကျောက်မျက်များကို မြန်မာကျပ်ငွေ ဖြင့် ရောင်းချမည်ဖြစ်ပြီး ဇန်နဝါရီ ၂ ရက်မှ ၇ ရက်အထိ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမတွင် ကျင်းပမည်ဖြစ်သည်။ ရောင်းချရာတွင် ဈေးပြိုင်တင်ဒါ စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲ ၃၅၀၀ ဝန်းကျင်နှင့် ကျောက်မျက်အတွဲ ၃၀၀ ဝန်းကျင် တင်ပြ ရောင်းချရန် လျာထားကာ ကျပ်သန်း ၄၀၀၀ ခန့် ဝင်ငွေရရှိရန် ခန့်မှန်းထားသည်ဟု ဦးမင်းသူကပြောသည်။ "တချို့ကုမ္ပဏီကြီးတွေကလည်း ငွေဖော်ချင်ရင် ကျပ်ငွေပွဲမှာပဲရောင်းကြတယ်။ ပြည်တွင်းအချောထည် လက်ဝတ်ရတနာလုပ်တဲ့ လုပ်ငန်းရှင်တွေ ကုန်ကြမ်းရရှိဖို့အတွက်လည်းပါတယ်"ဟု ဦးမင်းသူကရှင်းပြသည်။ အဆိုပါပြပွဲသို့ ပြည်တွင်းကျောက်မျက်ရတနာလုပ်ငန်းရှင်များသာ တက်ရောက်ဝယ်ယူခွင့်ရှိမည်ဖြစ်ပြီး နိုင်ငံခြားသား၏ တက်ရောက်ဝယ်ယူခွင့်ပြုမည်မဟုတ်ပေ။

**Source:** https://myanmar.mmtimes.com/news/132537.html

## မြန်မာ့ထိပ်သီးကုန်သွယ်ဖက် ၁၀ နိုင်ငံ ပိုမိုကုန်သွယ်လာ



မြန်မာနှင့် လက်ရှိကုန်သွယ်မှုပြုနေသည့် နိုင်ငံ ၁၃၇ နိုင်ငံအနက် ထိပ်တန်း ကုန်သွယ်ဖက် ၁၀ နိုင်ငံတွင် တရုတ်က ပထမနေရာတွင် ရှိပြီး ထိုင်း၊ စင်ကာပူ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဂျပန်၊ ဗီယက်နမ်၊ ကိုရီးယားနှင့် အမေရိကန်တို့က အသီးသီးနောက်က လိုက်နေသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရ ပြီးခဲ့သည့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၃၅ ဘီလျံကျော်ရှိခဲ့ရာတွင် အဆိုပါနိုင်ငံများနှင့် ကုန်သွယ်မှုသည် ၂၆ ဘီလျံခန့်ရှိခဲ့ရာ နိုင်ငံကုန်သွယ်မှု၏ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်သည်။ "တော်တော်များများ ကုန်သွယ်မှုဟာ တက်တဲ့အပိုင်းတွေတွေ့ရတယ်။ အဓိကကတော့ ကျွန်တော်တို့ရဲ့ ကုန်သွယ်ဖက်နိုင်ငံထဲမှာ တရုတ်၊ စင်ကာပူ၊ အိန္ဒိယ၊ ဂျပန်ရှိတယ်။ ကုန်စည်အမည်မှာ စက်မှုပို့ကုန်က တော်တော်များများ တက်တယ်။ အထည်ချုပ်က ဂျပန်၊ ကိုရီးယား၊ အခုဆိုရင် ဥရောပကအစ ဈေးကွက်ရှိတယ်"ဟု ယခင်အစိုးရလက်ထက် စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးအကြံပေးပုဂ္ဂိုလ် ဒေါက်တာမောင်အောင်က ပြောသည်။

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှု၏ ထိပ်ဆုံးတွင် ရပ်တည်နေသော အိမ်နီးချင်း တရုတ်သည် ၂၀၁၁-၁၂ ခုနှစ်က နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ငါးဘီလျံကျော်သာ ရှိခဲ့ရာ တဖြည်းဖြည်း တိုးတက်လာပြီး ၂၀၁၈-၁၉ ခုနှစ်တွင် ကန်ဒေါ်လာ ၁၁ ဒသမ ၃ ဘီလျံကျော် ရှိလာခဲ့သည်။ ဒုတိယအများဆုံးမှာ ထိုင်းနိုင်ငံဖြစ်ပြီး ၂၀၁၁-၁၂ ခုနှစ်တွင် ကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလျံကျော် ကုန်သွယ်မှုရှိခဲ့ရာ ၂၀၁၈“၁၉ တွင် ကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလျံကျော် ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုတွင် တရုတ်၊ ထိုင်းနိုင်ငံတို့နှင့် ကုန်သွယ်ရာတွင် တရားမဝင် ကုန်သွယ်မှုက များပြားနေဆဲဖြစ်သည်။ တရုတ်နှင့် ထိုင်းကုန်သွယ်ရေးလမ်းကြောင်းတွင် မှောင်ခိုကုန်သွယ်မှုများကို တရားဝင်အဖြစ် ပြောင်းနိုင်လျှင် လက်ရှိကုန်သွယ်မှုထက် နှစ်ဆတက်လာမည်ဟု ဒေါက်တာမောင်အောင်က ခန့်မှန်းပြောသည်။ တတိယအများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သော စင်ကာပူနှင့် ကုန်သွယ်မှုပြုရာတွင် နှစ်စဉ်ပို့ကုန်ပမာဏနည်းကာ သွင်းကုန်ပမာဏများသည်။ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလျံကျော်ရှိခဲ့သည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင်မူ ၃ ဒသမ ၇ ဘီလျံကျော်သာ ကုန်သွယ်မှု ပြုနိုင်ခဲ့သည်။

အမေရိကန်နှင့် ကုန်သွယ်မှုသည်လည်း ကုန်သွယ်မှုပမာဏ အနည်းငယ်ဖြင့်စတင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် တိုးတက်လာကာ ၂၀၁၈-၁၉ ခုနှစ် အရောက်တွင် သန်း ၁၀၀၀ ကျော်ထိဖြစ်လာခဲ့သည်။ အမေရိကန်သည် လက်ရှိအစိုးရတက်လာချိန် ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံအပေါ် စီးပွားရေးအရေးယူပိတ်ဆို့မှု ဖယ်ရှားပေးခဲ့ပြီးနောက် နှစ်နိုင်ငံကုန်သွယ်မှု ဆက်ဆံရေး တိုးတက်လာသည်။ အမေရိကန်ရင်းနှီးမြှုပ်နှံမှုများ တဖြည်းဖြည်းတိုးမြင့်လာပြီး အမေရိကန်ဘက်က နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးလာရန် ရှေ့ဆက်၍များစွာလုပ်ဆောင်သွားမည်ဟု မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် Mr.ScotMarciel က မြန်မာတိုင်း(မ်)နှင့် အင်တာဗျူးစဉ်ကပြောခဲ့သည်။ ကုန်သွယ်ဖက် ထိပ်တန်း ၁၀ နိုင်ငံနှင့် ကုန်သွယ်မှု တိုးတက်လာခြင်းသည် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းသည်လည်း အကြောင်းတစ်ခုဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလကုန်ထိ စာရင်းများအရ နိုင်ငံပေါင်း ၅၀ မှ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ထားသည့်အနက် မြန်မာနိုင်ငံနှင့် ထိပ်တန်းကုန်သွယ်ဖက် ၁၀ နိုင်ငံထဲမှ စင်ကာပူသည် နံပါတ်(၁)နေရာတွင်ရှိပြီး တရုတ်မှာ နံပါတ် ၂ နေရာတွင် ရပ်တည်ကာ ရင်းနှီးမြှုပ်နှံမှု အများဆုံးဝင်ရောက်ထားသည်။ ထိုင်းက ရင်းနှီးမြှုပ်နှံမှု အဆင့် ၃၊ ကိုရီးယားက ၆၊ ဗီယက်နမ်က ၇၊ မလေးရှားက ၈၊ ဂျပန်နှင့် အိန္ဒိယက ၁၀၊ ၁၁ နေရာများတွင် အသီးသီးရှိပြီး အမေရိကန်က ၁၃ နေရာတွင် ရှိသည်။

ယခင်အစိုးရလက်ထက်တွင် ဆန်၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၊ ခရီးသွားကဏ္ဍများပါဝင်သည့် အမျိုးသားပို့ကုန်မဟာဗျူဟာကို စတင်အကောင်အထည်ဖော်ခဲ့ပြီး ပြီးခဲ့သောနှစ်များတစ်လျှောက် ဈေးကွက်ရှာခြင်း၊ ပို့ကုန်အရည်အသွေးနှင့် ပတ်သက်၍ အရည်အသွေးမြင့်အောင် ဆောင်ရွက်ခြင်းများလုပ်ဆောင်ခဲ့သည်ဟု စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ အဓိကကုန်သွယ်ဖက်နိုင်ငံ တရုတ်နှင့်လည်း နှစ်နိုင်င ံကုန်သွယ်ရေး တံခါးပေါက်ဖွင့်လှစ်ခြင်းများ၊ ပို့ကုန်နှင့်ပတ်သက်သော ဖြေလျှော့မှုများလုပ်ဆောင်နိုင်ခဲ့ခြင်းကြောင့် ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၆ သန်းခန့်ထိ တင်ပို့လာနိုင်ခဲ့ကြောင်း၊ အထည်ချုပ်ကဏ္ဍသည် သိသိသာသာတိုးတက်ခဲ့ပြီး ပြီးခဲ့သောနှစ်တွင် ဝင်ငွေ ကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလျံထိ ဖြစ်လာခဲ့သည်ဟု ၎င်းကပြောသည်။

**Source: https://myanmar.mmtimes.com/news/132538.html**

## မင်းဘူးဒေသ၌ ကြက်သွန်နီအသစ် ဈေးကွက်ဝင်လာ၍ ဈေးများပြန်ကျ

မင်းဘူးဒေသအတွင်း ဧရာဝတီ မြစ်လယ်ကျွန်းများပေါ် စိုက်ပျိုးသောကြက်သွန်နီများနှင့် ချောင်းနံဘေး ကိုင်းမြေများတွင် စိုက်ပျိုးသော ကြက်သွန်နီများဈေးကွက်အတွင်း ဝင်ရောက်လာသဖြင့် ကြက်သွန်နီဈေးများ ယခုရက်ပိုင်းတွင် ပြန်လည်ကျဆင်းနေကြောင်းသိရသည်။ "ကြက်သွန်နီဈေးတွေ မြင့်တက်လာခဲ့တာကတော့ ပြီးခဲ့တဲ့ နိုဝင်ဘာလကုန်လောက်ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တင်ပို့နေကြတာဖြစ်တဲ့အတွက် ဈေးတွေတောက်လျှောက်မြင့်တက်ခဲ့တာဖြစ်ပါတယ်။ ဝယ်လက်ပွဲစားတွေအနေနဲ့ ပွဲရုံတွေ၊ ရွာတွေအထိကို ဆင်းပြီးဝယ်ယူကြတော့ ဈေးတွေကရက်ပိုင်းအတွင်းကို မြင့်တက်ခဲ့တာပါ။ အရင်ရှိနေတဲ့ တစ်ပိဿာ ကျပ် ၈၀၀၊ ၁၀၀၀ ဈေးကနေ တစ်ပိဿာ ကျပ် ၃၄၀၀ အထိ မြင့်တက်ခဲ့တယ်။ အခုရက်ပိုင်း ကြက်သွန်အသစ်တွေပေါ်လာတော့ ဈေးတွေပြန်ကျကုန်ပါပြီ"ဟု မင်းဘူးမြို့မဈေးကြီးအတွင်းရှိ သီးနှံစုံပွဲရုံပိုင်ရှင် ဒေါ်ခင်လှက ပြောသည်။

မင်းဘူးဒေသတွင် ပြီးခဲ့သည့် နိုဝင်ဘာလကုန်ပိုင်းအထိ ကြက်သွန်နီတစ်ပိဿာ ကျပ် ၃၄၀၀ အထိရှိခဲ့ရာမှ ယနေ့ ကြက်သွန်နီတစ်ပိဿာ ကျပ် ၂၃၀၀ ဈေးအထိကျဆင်းခဲ့ကြောင်းသိရသည်။ "အခုရက်ပိုင်း ကြက်သွန်နီဈေးတွေ ပွဲရုံတွေမှာ ပြန်လည်ကျဆင်းခဲ့တာကြောင့် ကျွန်မတို့ လက်လီပြန်ရောင်းတဲ့ ဈေးသည်တွေအနေနဲ့ ဈေးပြန်ချပြီး ရောင်းပေးနေ ပါတယ်။ အရင်က ကြက်သွန်တစ်ပိဿာ ကျပ် ၃၈၀၀ ထိ လက်လီရောင်းချခဲ့တယ်။ အခုကြက်သွန်အသစ်တွ ေပေါ်လာတဲ့ အတွက် ကြက်သွန်အသစ်အကြီး တစ်ပိဿာ ကျပ် ၂၃၀၀ နဲ့ အသေးတစ်ပိဿာ ကျပ် ၂၁၀၀ ဈေးနဲ့ ရောင်းချပေးနေပါတယ်"ဟု မင်းဘူးမြို့မဈေးကြီးမှ ကြက်သွန်နီလက်လီရောင်းချသူ ဒေါ်လှလှကပြောပြသည်။ ကြက်သွန်ထွက်ရှိမှုမှာ နေ့စဉ်ပွဲရုံသို့ ဝင်ရောက်နေသော ကြက်သွန်ပမာဏကိုကြည့်၍ ယခုကြက်သွန်အထွက်ကောင်းပြီး ဈေးလည်းဆက်လက်ကျဆင်း နိုင်ကြောင်း မင်းဘူးရှိ ကြက်သွန်ပွဲရုံများက သုံးသပ်ပြောကြားသည်။

မကွေးတိုင်းအတွင်း ယခုကြက်သွန်နီဈေးအနေဖြင့် ပခုက္ကူကြက်သွန်နီ၊ လက်ကားဈေးတစ်ပိဿာ ကျပ် ၁၅၀၀၊ လက်လီဈေးတစ်ပိဿာ ကျပ် ၁၆၀၀၊ ဆိပ်ဖြူကြက်သွန်နီ လက်ကားဈေးတစ်ပိဿာ ကျပ် ၁၇၀၀၊ လက်လီဈေးတစ်ပိဿာ ကျပ် ၁၉၀၀၊ မကွေးကြက်သွန်နီ လက်ကားဈေးတစ်ပိဿာ ကျပ် ၂၁၀၀၊ လက်လီဈေးတစ်ပိဿာ ကျပ် ၂၃၀၀ ဈေးတို့ဖြင့် ရောင်းချနေကြောင်း မကွေးမြို့ ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာနမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/132520.html

## ရန်ကုန်စတော့အိတ်ချိန်းမှာ စာရင်းဝင်ကုမ္ပဏီသုံးခုနီးပါးတိုးလာမည်

လာမည့် ၂၀၂၀ ပြည့်နှစ်အတွင်း ရန်ကုန်စတော့အိတ်ချိန်း၌ စာရင်းဝင် ကုမ္ပဏီသုံးခုနီးပါး ထပ်မံတိုးလာမည် ဖြစ်ကြောင်း မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) အဖွဲ့ဝင် ဦးငွေချွန်က ပြောသည်။ ဒီဇင်ဘာ ၅ ရက်က ရန်ကုန်စတော့အိတ်ချိန်းခန်းမတွင်ပြုလုပ်သည့် Media Workshop for Myanmar Capital Market ဆွေးနွေးပွဲတွင်ယင်းသို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။ "နှစ်ဆန်းပိုင်းမှာလာဖို့ရှိတယ်။ ရန်ကုန်စတော့အိတ်ချိန်းကို တက်ပြီဆိုရင် ရင်းနှီးမြှုပ်နှံသူတွေအတွက် စိတ်ချလက်ချရင်းနှီးမြှုပ်နှံနိုင်တဲ့ အခြေအနေရှိမှသာ အဆင်ပြေမှာဖြစ်ပါတယ်။ ဒါကြောင့် ကြီးကြပ်တဲ့ကုမ္ပဏီတွေကလည်းစစ်ရတယ်၊ အချိန်ယူရတယ်။ ဥပဒေနဲ့မညီသေးဘူး၊ လိုက်နာရမယ့် အချက်တွေရှိနေရင် ပြန်လည်ပြင်ဆင်ဖို့လုပ်ရပါတယ်"ဟု ဦးငွေချွန်ကပြောသည်။

SECM အနေဖြင့် စာရင်းဝင်ကုမ္ပဏီများ တိုးမြင့်လာရေးဆောင်ရွက်ခြင်းများ၊ ရင်းနှီးမြှုပ်နှံသူများအတွက် ပညာပေးလုပ်ငန်းများစဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းများနှင့် အရင်းအနှီးဈေးကွက်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပါဝင်လာစေရေး ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ လက်ရှိရန်ကုန် စတော့အိတ်ချိန်းကို First Myanmar Investment (FMI) ၊ Myanmar Thilawa SEZ Holidings Public (MTSH)၊ မြန်မာနိုင်ငံသားများဘဏ် (MCB)၊ ပထမ ပုဂ္ဂလိကဘဏ် (FPB) နှင့် TMH Telecom Public (TMH) စသည့် စာရင်းဝင် ကုမ္ပဏီငါးခုဖြင့် လုပ်ငန်းလည်ပတ်နေပြီး လွန်ခဲ့သည့်နှစ်လအတွင်းမှ စတင်ကာစတော့ရှယ်ယာဈေးကွက်မှာ အနည်းငယ်ကျဆင်းသွားခဲ့ကြောင်းသိရသည်။

အဆိုပါစတော့ဈေးကွက်၌ လက်ရှိအချိန်တွင် စတော့ရှယ်ယာရောင်းဝယ်သူ စိတ်ဝင်စားမှုအများဆုံးအဖြစ် First Myanmar Investment (FMI)၊ Myanmar Thilawa SEZ Holidings Public (MTSH) တို့က အဓိကရှယ် ယာရောင်းဝယ်မှုပြုလုပ်လျက်ရှိပြီး ရန်ကုန်စတော့အိတ်ချိန်း ဈေးကွက်တစ်ခုလုံး အတိုင်းအတာအရ တစ်ရက် လျှင် ရှယ်ယာ အရောင်းအဝယ်ပြုလုပ်မှု ပမာဏ ကျပ်သန်း ၉၀ မှ ၁၀၀ ကြား အတွင်းရှိကြောင်း သိရသည်။ ရန်ကုန်စတော့အိတ်ချိန်း ဈေး ကွက်စတင်ချိန်မှ လက်ရှိအချိန်အထိ သုံးနှစ်ခွဲကာလအတွင်း ရှယ်ယာရောင်း ဝယ်မှုပမာဏ ၁၃ ဒသမ ၆၃ သန်း၊ ငွေတန်ဖိုးအားဖြင့် ကျပ်သန်း ၁၃၇ ဘီလီယံအရောင်းအဝယ်ဖြစ်ခဲ့ကာ လာမည့် ၂၀၂၀ ခုနှစ်အတွင်း၌လည်း ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင် ထောက်ပံ့ပို့ဆောင်ရေး ကုမ္ပဏီတစ်ခုအပါအဝင် ကုမ္ပဏီစုစုပေါင်း ငါးခုခန့်က ဝင်ရောက်လာနိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။ ထို့ပြင်ငွေချေး သက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) က ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများအား နိုင်ငံခြားသားများဝယ်ယူနိုင်ကြောင်းကို ယခု ဇူလိုင် ၁၂ ရက်က ထုတ်ပြန်ကြေညာထားသည်။

ယင်းအမိန့်ကြော်ငြာစာအရ နိုင်ငံခြားသားများသည် မြန်မာနိုင်ငံ အတွင်း အမြဲနေထိုင်ခွင့် ရရှိသူဖြစ်စေ၊ အမြဲနေထိုင်ခွင့် မရရှိသူဖြစ်စေ ငွေချေးသက်သေခံလက်မှတ်စာရင်းများကို မည်သည့်ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတွင်မဆို ဖွင့်လှစ်နိုင်မည်ဖြစ်ပြီး အဆိုပါ စာရင်းမှတစ်ဆင့် ရန်ကုန် စတော့အိတ်ချိန်း စာရင်းဝင်ရှယ်ယာ များကို ရင်းနှီးမြှုပ်နှံနိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ ရင်းနှီးမြှုပ်နှံမှု၌ နိုင်ငံခြားသား ရှယ်ယာပါဝင်မှုကို ၃၅ ရာခိုင် နှုန်းထိခွင့်ပြုထားကြောင်းသိရသည်။

**Source:** https://business.facebook.com/SFJWeekly/posts/2874372302650043?__tn__=K-R

## နယ်စပ်မှ တရုတ်နိုင်ငံသို့ နှစ်လကျော်အတွင်း ဒေါ်လာတစ်ဘီလီယံဖိုးခန့် ပို့ကုန်တင်ပို့နိုင်ခဲ့

နယ်စပ်မှတရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်များအပါအဝင် ကုန်စည်တင်ပို့မှုသည် ယခုဘဏ္ဍာနှစ် နှစ်လကျော်အတွင်း ဒေါ်လာ သန်း ၄၆၀ ကျော်ဖိုး ပိုမိုတင်ပို့နိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ မူဆယ်၊ ချင်းရွှေဟော်၊ ကန် ပိုက်တီးနှင့် လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းများမှ ပို့ကုန် တန်ဖိုးသည် ဒေါ်လာ တစ်ဘီလီယံခန့်ရှိပြီး ယခင်ဘဏ္ဍာနှစ်ကာလတူက ဒေါ်လာသန်း ၅၂၀ ကျော်ဖိုးသာ တင်ပို့နိုင်ခဲ့သည်။ လက်ရှိ ယူနန်အစိုးရ၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံက တစ်ပတ်လျှင် ဆန်အိတ်ရေတစ်သိန်း ခန့် တရားဝင်တင်ပို့နေပြီးသကြား နှင့် ပြောင်းဖူးစေ့များလည်းတင်ပို့ကြောင်း မူဆယ်မြို့မှကုန်သည်အချို့ကပြောသည်။ “အရင်နှစ်တွေလောက်တော့ မကောင်းဘူး။ ပုံမှန်လေးတော့သွားနေတယ်” ဟု မူဆယ်ဆန်ကုန်စည်ဒိုင်အသင်းဝင် ဦးမင်းသိန်းကပြောသည်။ လက်ရှိတွင် မြန်မာ–တရုတ်နယ်စပ် မူဆယ်၌ နှစ်နိုင်ငံပူးပေါင်းပြီး ကုန်စည်ပြပွဲများပြုလုပ်နေသည်။ ၁၈ ကြိမ်မြောက် တရုတ်– မြန်မာ နယ်စပ် ကုန်သွယ်ရေးကုန်စည်ပြပွဲတွင် စီမံကိန်း ၂၄ ခု လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း တရုတ်နိုင်ငံပိုင်မီဒီယာအချို့က ဖော်ပြသည်။

ထို့အပြင် မြန်မာနိုင်ငံမှတရုတ်သို့ နယ်စပ်ကုန်သွယ်ရေးဖြင့် ဆန်တန်ချိန် ငါးသောင်းတရားဝင်ရောင်းချရန် နှစ်နိုင်ငံ ကုမ္ပဏီများလက်မှတ်ထိုးနိုင်ခဲ့သည်။ မြန်မာ–တရုတ်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများသည် ပြီးခဲ့သည့် ၂၀၁၈ အောက်တိုဘာ နောက်ပိုင်းကစတင်ပြီးကုန်သွယ်ရေးလုပ်ငန်းများတွင် အခက်အခဲဖြစ်လာသည်။ တရုတ်အစိုးရ၏ တရားမဝင် ကုန်သွယ်မှု တားဆီးရေးအစီအစဉ်ကြောင့် မြန်မာနိုင်ငံမှဆန်နှင့် လယ်ယာထွက်ကုန်များအပါအဝင် ကုန်ပစ္စည်းများတင်ပို့နိုင်မှု လျော့နည်းခဲ့သည်။

**Source:** https://7day.news/–173680

## ၂၀၂၀ တွင် ချုပ်ပြီးအထည် ပြည်ပတင်ပို့မှုမှ ဒေါ်လာငါးဘီလီယံခွဲကျော်ရရှိမည်ဟု အထည်ချုပ်အသင်းခန့်မှန်း



ဥရောပသမဂ္ဂ(အီးယူ) နိုင်ငံများမှ အထည်အမှာအများဆုံးရနေသော အထည်ချုပ်လုပ်ငန်းကဏ္ဍသည် လာမည့် ၂၀၂၀ တွင် ပြည်ပတင်ပို့မှုမှ ကန်ဒေါ်လာငါးဘီလီယံခွဲကျော်ရရှိမည်ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးမြင့်စိုးက ခန့်မှန်းပြောကြားသည်။ အီးယူနိုင်ငံများမှ ခွင့်ပြုပေးထားသော အခွန်သက်သာခွင့် (GSP)အခွင့်အရေးနှင့် ပတ်သက်၍ စိုးရိမ်မှုများရှိနေသော်လည်း တိုးတက်လာသည့် ရင်းနှီးမြှုပ်နှံမှုနှင့်အမှာများကြောင့် ပို့ကုန်ဝင်ငွေတိုးတက်ရန် ခန့်မှန်းခြင်းဖြစ်သည်ဟု ၎င်းကပြောကြားသည်။ “ဒီအချိန်မှာ ထုတ်လုပ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုကတက်နေတာပဲ” ဟု ဦးမြင့်စိုးကပြောသည်။

လက်ရှိအထည်ချုပ်ကဏ္ဍတွင် အမေရိကန်နိုင်ငံမှ အပ်ထည်အမှာတိုးမြှင့်လာခြင်းကလည်း ထူးခြားမှုဖြစ်သည်ဟု ဦးမြင့်စိုးကပြောသည်။ သို့သော် ပြည်တွင်းအထည်ချုပ်စက်ရုံများတွင် အပ်ထည်အမှာအများဆုံးက အီးယူနိုင်ငံများဖြစ်ပြီး ဒုတိယသည် ဂျပန်နှင့် တတိယသည် ကိုရီးယားနိုင်ငံတို့ဖြစ်သည်။ ၂၀၁၃ တွင် အီးယူနှင့်အမေရိကန်နိုင်ငံက ကုန်သွယ်မှုအထူးအခွင့် အရေး(GSP)ပေးပြီး နောက် နှစ်စဉ်တိုးတက်လာသော လက်ခစားချုပ်ပြီးအထည် ပြည်ပတင်ပို့မှုသည် ၂၀၁၉ တွင် ဒေါ်လာ ငါးဘီလီယံကျော်ရရှိထားသည်။

မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်ကဏ္ဍတွင် ချုပ်ပြီးအထည်များ ပြည်ပတင်ပို့မှုသည် အတိုးတက်ဆုံးဖြစ်ပြီး ယခုဘဏ္ဍာနှစ်တွင်လည်း ဆက်လက်တိုးတက်နေမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင်လည်း အထည်ချုပ်စက်ရုံများ နိုင်ငံအတွင်းဝင်ရောက်လာမှု လစဉ်ရှိနေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် တစ်ဦးကပြောသည်။ ၂၀၁၉ မြန်မာနိုင်ငံ၏ တိုးတက်မှုရှိသော စီးပွားရေးလုပ်ငန်းများတွင် အထည်ချုပ်ကဏ္ဍက ရှေ့ဆုံးတွင်ပါဝင်နေကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ လက်ရှိ အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် လုပ်သားအင်အားငါးသိန်းခန့်လုပ်ကိုင်နေသည်။

**Source:** https://7day.news/–173681

## တရုတ်နယ်စပ်မှ ဆန်တန်ချိန် ၅၀၀၀၀ ရောင်းချနိုင်ရေးအတွက် တရုတ်ကုမ္ပဏီတစ်ခုနှင့်စာချုပ်ချုပ်ဆို



နှစ်စဉ်ကျင်းပသည့် မြန်မာနှင့်တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှု မြှင့်တင်ရေး အထောက်အကူဖြစ်စေမည့် နှစ်နိုင်ငံကုန်စည်ပြပွဲများကို ပြုလုပ်ခဲ့ရာ (၁၈) ကြိမ်မြောက် တရုတ်-မြန်မာကုန်စည်ပြပွဲတွင် မန္တလေး အခြေစိုက် Mandalay Rice Development ကုမ္ပဏီနှင့်တရုတ်နိုင်ငံဘက်မှ Win Sets ကုမ္ပဏီတို့ ဆန်တန်ချိန် ၅၀၀၀၀ ဝယ်ယူရေး သဘောတူလက်မှတ် ရေးထိုးနိုင်ခဲ့ကြောင်းသိရသည်။ ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်ထိ ကုန်စည်ပြပွဲ ပြုလုပ်ခဲ့ရာ ဒီဇင်ဘာ ၁၁ ရက်က နှစ်ဖက်ကုမ္ပဏီတို့ တရုတ်ပြည် ရွှေလီမြို့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဆန်ကို တရုတ်နယ်စပ်မှ တရားဝင် တင်ပို့ခွင့်ရရှိသည့် ဒုတိယခြေလှမ်းဖြစ်ကြောင်း မန္တလေးဆန်စပါးဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးစိုင်းကျော်ကပြောသည်။ "အခက်အခဲတွေ များစွာရှိနေတဲ့အထဲက နယ်စပ်ဆန်အရောင်းအဝယ်လုပ်နိုင်ဖို့ ဒီနှစ်မှာ တရားဝင်ဖြစ်အောင်လုပ်နိုင်တဲ့ ဒုတိယခြေလှမ်းပါ။ ရွှေလီမြို့မှာလက်မှတ်ရေးထိုးခဲ့တယ်။ မျှော်လင့်ချက်ကတော့ တရားဝင် လမ်းကြောင်းကနေ တဖြည်းဖြည်းချင်း အရေအတွက်များစွာ ရောင်းချနိုင်ဖို့ဖြစ်ပါတယ်။ အဆင်မပြေမှုများစွာရှိနေပေမယ့် ရေရှည်အတွက် ရည်ရွယ်ပြီး တတ်နိုင်သလောက် ကြိုးစားနေပါတယ်"ဟု ၎င်းကပြောသည်။

မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းပိုင်းမှ တရုတ်သို့ ဆန်တင်ပို့ရောင်းချမှုမှာ တရားဝင်မဟုတ်သောကြောင့် ပြည်တွင်း ဆန်ကုန်သည်များမှာ ဈေးကွက်နှင့် အခြားနစ်နာမှုများရှိသဖြင့် တရားဝင်ဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု သဘောတူလက်မှတ်ရေးထိုးခဲ့မှုအရ ပြည်တွင်းမှ ဆန်တန်ချိန် ၅၀၀၀၀ ကို တရုတ်နယ်စပ်ဖြစ်သည့် ချင်းရွှေဟော်- လင်းချန်းမှ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကာ ပထမအကြိမ်တွင် မူဆယ်နယ်စပ်မှဖြစ်ကြောင်းသိရသည်။ "ဆန်က ပင်လယ်ရပ်ခြား Over Sea က ဈေးပိုရလို့ အဲဒီလမ်းကြောင်းကနေ ပြည်ပတင်ပို့မှုက ပိုများတယ်။ တခြားနိုင်ငံတွေက တရုတ်နိုင်ငံထက် ဈေးပိုပေးတယ် ဆိုတော့ ပင်လယ်ရေကြောင်းက ထွက်တာများလို့ တရုတ်နယ်စပ်ပေါက်တွေမှာ ဆန်ဝင်တာနည်းတယ်"ဟု မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံဖြိုးဝေကပြောသည်။

မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံအစိုးရတို့ သဘောတူညီချက်ရရှိထားသည့် ဆန်တင်ပို့ရောင်းချရေးကို တာတန်ချိန် တစ်သိန်း တင်ပို့နိုင်မှု၊ ထပ်မံ၍ ကိုတာပိုမိုရရှိနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ ပြည်ပသို့ ဆန်တင်ပို့နိုင်ရေးကုမ္ပဏီများ တိုးချဲ့ထားရှိမှုနှင့် ဆန်ကွဲတင်ပို့ခြင်းနှင့် စပါးတင်ပို့ခွင့်သတ်မှတ်ချက်များနှင့်ပတ်သက်၍ ဒီဇင်ဘာ ၁၃ ရက်က ပြုလုပ်သည့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မတီနှင့် အထွေထွေညီလာခံတွင် ဆွေးနွေးခဲ့ကြောင်းသိရသည်။ မြန်မာ-တရုတ်နယ်စပ်မှ နှစ်နိုင်ငံကုန်သွယ်မှုမှာ နှစ်စဉ်တိုးတက်နေပြီး စီးပွားကူးသန်းဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်များ အရ ၂၀၁၈ -၂၀၁၉ဘဏ္ဍာ နှစ်တွင်အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃၆ ဘီလီယံရှိသည့်အနက် နယ်စပ်ကုန်သွယ်ရေးမှ ၅ ဒသမ ၉ ဘီလီယံရှိခဲ့ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/132508.html

## တစ်သျှူးငှက်ပျောစိုက်ပျိုးသူများ တည်ဆဲဥပဒေ(၁၂)ခုကို ချိုးဖောက်ဟုဆို

တစ်သျှူးငှက်ပျောစိုက်ပျိုးသူများသည် တည်ဆဲဥပဒေ(၁၂)ခုကို ကျော်လွန်ချိုးဖောက်နေသည်ကိုတွေ့ရှိရကြောင်း ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်ခရစ္စတွန်း(ခ) ဒေါက်တာအားကာမိုးက ပြောကြားသည်။ နေပြည်တော်တွင် ဒီဇင်ဘာလ ၁၆ရက်နေ့က ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဒေါက်တာခွန်ဝင်းသောင်း တင်သွင်းသည့် တစ်သျှူးငှက်ပျော စိုက်ပျိုးမှုနှင့် ပတ်သက်သည့်အဆိုအား ဆွေးနွေးရာတွင် ဒေါက်တာအားကာမိုးက ပြောကြားခဲ့ခြင်းဖြစ်သည်။ ကချင်ပြည်နယ်၏ ဧရိယာ ၄၃ ရာခိုင်နှုန်းကို မြေလွတ်၊မြေလပ်နှင့် မြေရိုင်းအဖြစ် သတ်မှတ်ထားပြီး ယင်းဥပဒေအရ ပြန်လည်သိမ်းဆည်းရမည့် မြေဧက ငါးသိန်းကျော်ရှိကြောင်း၊ သို့သော် ဧကတစ်သိန်းခန့်ကိုသာ ပြန်လည် သိမ်းဆည်းနိုင်ပြီး ဧကရှစ်သောင်းကိုသာ

စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားနိုင်ကြောင်း ဒေါက်တာအားကာမိုးကပြောကြားသည်။ ကချင် ပြည်နယ်တစ်ခုလုံးတွင် စိုက်ပျိုးမြေဧက ခုနစ်သိန်းရှိပြီး ပုံစံ(၇)ရပြီးမြေဧကမှာ တစ်သိန်းခန့်သာရှိကြောင်း၊ သို့သော်လည်း တစ်သျှူးငှက်ပျော စိုက်ပျိုးမှုမှာ စိုက်ပျိုးမြေအားလုံး၏ သုံးပုံနှစ်ပုံ (ဧကနှစ်သိန်းကျော်) ရှိကြောင်း ၎င်းကပြောကြားသည်။

ယခုလက်ရှိတွင် တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်းကို တရုတ်ကုမ္ပဏီ လေးဆယ်ကျော်က လုပ်ကိုင်နေပြီး ဧက ခြောက်သောင်းခန့်သာ စာရင်းရှိနေသည်ဟု ၎င်းထံမှ သိရသည်။ တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်းကြောင့် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းဥပဒေ၊ သစ်တောဥပဒေ၊ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ကုမ္ပဏီများမှတ်ပုံတင်ခြင်းဥပဒေ၊ လူဝင်မှု ကြီးကြပ်ရေးဥပဒေ၊ အပင်မျိုးသစ်ကာကွယ်ရေးဥပဒေ၊ မူပိုင်ခွင့်ဥပဒေ၊ ပိုးသတ်ဆေး ဥပဒေ၊ ဓာတ်မြေသြဇာဥပဒေ၊ လယ်ယာမြေဥပဒေ၊ ဝင်ငွေခွန် ဥပဒေ၊ အကောက်ခွန်ဥပဒေစသည့် တည်ဆဲဥပဒေများကို ကျော်လွန်ချိုးဖောက်နေမှုများရှိကြောင်း ၎င်းကထည့်သွင်းဆွေးနွေး သည်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင်သာမက သစ်တောကြိုးဝိုင်းဧရိယာများအထိပါ တစ်သျှူး ငှက်ပျောစိုက်ပျိုးမှုများ ရှိနေကြောင်း၊ နိုင်ငံတကာဥပဒေကိုသာမက လွှတ်တော်တွင်ရေးဆွဲနေဆဲဖြစ်သော အပင်မျိုးသစ်ကာကွယ်ရေးဥပဒေ၊ မူပိုင်ခွင့် ဥပဒေများကို ချိုးဖောက်ရာရောက်နေကြောင်း ၎င်းကဆွေးနွေးသည်။ ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျောကို ၂၀၀၆ခုနှစ်မှ စ၍ ဘိန်းအစားထိုးသီးနှံအဖြစ် စတင်စိုက်ပျိုးခဲ့ပြီး ယခုအခါ ဆယ်စုနှစ်တစ်ခု ကျော်လာပြီဖြစ်သည်။

စာရင်းများအရ ၂၀၁၆-၂၀၁၇ တွင် တစ်သျှူးငှက်ပျောတန်ချိန် တစ်သိန်းကျော်ထွက်ရှိခဲ့ပြီး ယခုနှစ်တွင် တန်ချိန် နှစ်သိန်းကျော် တင်ပို့နိုင်ခဲ့သည်ဟု ဒေါက်တာအားကာမိုးကပြောကြားသည်။ ယခုအခါ တစ်သျှူးငှက်ပျောစိုက်ခင်းများမှာ ကချင်ပြည်နယ်သာမက မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး တို့အထိ ပျံ့နှံ့လာသည့်အတွက် ဥပဒေအရ အရေးယူနိုင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ မြေသယံဇာတထိန်းသိမ်းရေး၊ အချုပ်အခြာအာဏာ မထိပါးရေးတို့အတွက် အချိန်မီထိန်းသိမ်းရန်လိုအပ် နေကြောင်း ၎င်းကဆွေးနွေးခဲ့သည်။

**Source:** https://www.facebook.com/LivingColorMediaCoLtd/posts/518390932095523?__tn__=K-R

## မင်းဘူးဒေသ၌ ကြက်သွန်နီအသစ် ဈေးကွက်ဝင်လာ၍ ဈေးများပြန်ကျ



မင်းဘူးဒေသအတွင်း ရောဝတီမြစ်လယ်ကျွန်းများပေါ် စိုက်ပျိုးသောကြက်သွန်နီများနှင့် ချောင်းနံဘေးကိုင်းမြေများတွင် စိုက်ပျိုးသော ကြက်သွန်နီများဈေးကွက်အတွင်း ဝင်ရောက်လာသဖြင့် ကြက်သွန်နီဈေးများ ယခုရက်ပိုင်းတွင် ပြန်လည်ကျဆင်းနေကြောင်း သိရသည်။ "ကြက်သွန်နီဈေးတွေ မြင့်တက်လာခဲ့တာကတော့ ပြီးခဲ့တဲ့ နိုဝင်ဘာလကုန်လောက်ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို တင်ပို့နေကြတာ ဖြစ်တဲ့အတွက် ဈေးတွေ တောက်လျှောက်မြင့်တက်ခဲ့တာ ဖြစ်ပါတယ်။ ဝယ်လက်ပွဲစားတွေအနေနဲ့ ပွဲရုံတွေ၊ ရွာတွေအထိကို ဆင်းပြီး ဝယ်ယူကြတော့ ဈေးတွေကရက်ပိုင်းအတွင်းကို မြင့်တက်ခဲ့တာပါ။ အရင် ရှိနေတဲ့ တစ်ပိဿာ ကျပ် ၈၀၀၊ ၁၀၀၀ ဈေးကနေ တစ်ပိဿာ ကျပ် ၃၄၀၀ အထိ မြင့်တက်ခဲ့တယ်။ အခုရက်ပိုင်း ကြက်သွန် အသစ်တွေပေါ်လာတော့ ဈေးတွေပြန်ကျကုန်ပါပြီ"ဟု မင်းဘူးမြို့မဈေးကြီးအတွင်းရှိ သီးနှံစုံပွဲရုံပိုင်ရှင် ဒေါ်ခင်လှက ပြောသည်။

မင်းဘူးဒေသတွင် ပြီးခဲ့သည့် နိုဝင်ဘာလကုန်ပိုင်းအထိ ကြက်သွန်နီတစ်ပိဿာ ကျပ် ၃၄၀၀ အထိရှိခဲ့ရာမှ ယနေ့ ကြက်သွန်နီတစ်ပိဿာ ကျပ် ၂၃၀၀ ဈေးအထိကျဆင်းခဲ့ကြောင်း သိရသည်။ "အခုရက်ပိုင်း ကြက်သွန်နီဈေးတွေ ပွဲရုံတွေမှာ ပြန်လည်ကျဆင်းခဲ့တာကြောင့် ကျွန်မတို့လက်လီပြန်ရောင်းတဲ့ ဈေးသည်တွေအနေနဲ့ ဈေးပြန်ချပြီးရောင်းပေးနေပါတယ်။ အရင်က ကြက်သွန်တစ်ပိဿာ ကျပ် ၃၈၀၀ ထိ လက်လီရောင်းချခဲ့တယ်။ အခုကြက်သွန်အသစ်တွေပေါ်လာတဲ့အတွက် ကြက်သွန်အသစ်အကြီး တစ်ပိဿာ ကျပ် ၂၃၀၀ နဲ့ အသေးတစ်ပိဿာ ကျပ် ၂၁၀၀ ဈေးနဲ့ရောင်းချပေးနေပါတယ်"ဟု မင်းဘူးမြို့မ ဈေးကြီးမှ ကြက်သွန်နီလက်လီရောင်းချသူ ဒေါ်လှလှကပြောပြသည်။ ကြက်သွန်ထွက်ရှိမှုမှာ နေ့စဉ်ပွဲရုံသို့

ဝင်ရောက်နေသော ကြက်သွန်ပမာဏကိုကြည့်၍ ယခုကြက်သွန် အထွက်ကောင်းပြီး ဈေးလည်းဆက်လက် ကျဆင်းနိုင်ကြောင်း မင်းဘူးရှိကြက်သွန်ပွဲရုံများက သုံးသပ်ပြောကြားသည်။ မကွေးတိုင်းအတွင်း ယခုကြက်သွန်နီဈေးအနေဖြင့် ပခုက္ကူကြက်သွန်နီ၊ လက်ကားဈေးတစ်ပိဿာ ကျပ် ၁၅၀၀၊ လက်လီဈေးတစ်ပိဿာ ကျပ် ၁၆၀၀၊ ဆိပ်ဖြူကြက်သွန်နီလက်ကားဈေးတစ်ပိဿာ ကျပ် ၁၇၀၀၊ လက်လီဈေးတစ်ပိဿာ ကျပ် ၁၉၀၀၊ မကွေးကြက်သွန်နီ လက်ကားဈေးတစ်ပိဿာ ကျပ် ၂၁၀၀၊ လက်လီဈေးတစ်ပိဿာ ကျပ် ၂၃၀၀ ဈေးတို့ဖြင့် ရောင်းချနေကြောင်း မကွေးမြို့ ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာနမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/132520.html

## ကြံခုတ်ကြံတင်ခနှုတ်လိုက်ပါက ကြံတစ်တန်လျှင် ကျပ်၂၁၀၀ ခန့်သာရရှိတော့သဖြင့် ကြံစိုက်တောင်သူများ စိုက်ပျိုးစရိတ်ပင်မကာမိသည့် အခြေအနေနှင့်ရင်ဆိုင်နေရ



ကြံခုတ်ကြံတင်ခနှုတ်လိုက်ပါက ကြံတစ်တန်လျှင် ကျပ်၂၁၀၀ ခန့်သာ ရရှိတော့သဖြင့် တောင်သူများ စိုက်ပျိုးစရိတ်ပင် မကာမိသည့် အခြေအနေနှင့်ရင်ဆိုင်နေရကြောင်း ကြံစိုက် တောင်သူများ၏ ပြောကြားချက်အရသိရသည်။ ယခုနှစ် ကြံရာသီစချိန် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်ရှိ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း MEC ပိုင် ဒုရဂ်ဗိုလ်သကြားစက်က ကြံတစ်တန်လျှင် ယခင်နှစ်က ဈေးအောက် ကျပ် ၇၀၀၀ ချဝယ်ယူနေသဖြင့် ကြံခုတ်ကြံတင်ခနှုတ်လိုက်ပါက ကြံတန်လျှင် ကျပ်၂၁၀၀၀ ခန့်သာ ရရှိတော့သဖြင့် ဒေသခံကြံစိုက်တောင်သူများ ကြံစိုက်ပျိုးစရိတ်ပင် မကာမိသည့် အခြေအနေနှင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်းသိရသည်။ "ကြံတစ်ဧကစိုက်တာကို ထွန်ခယက်ခမျိုးဖိုး အားလုံးပေါင်းရင် ကျပ်ခြောက်သိန်းလောက်ကုန်တယ်။ ပြီးခဲ့တဲ့နှစ်က စက်ရုံက ကြံတစ်တန်ကို ကားခမပါ ကျပ် ၃၈၀၀၀ ပေးတယ်။ အခုနှစ်စက်ရုံကကားခမပါ ကြံတစ်တန်ကို ကျပ်၃၁၅၀၀ ပဲပေးတယ်။ ကြံခုတ်ကြံတင်ခက တစ်တန်ကို ကျပ်၁၀၀၀၀ ပေးရတယ်။

ကြံတစ်ဧကကို အများဆုံးထွက်မှ တန် ၃၀ ပေါ့။ ဒီဈေးနဲ့ဘယ်လိုမှ မကိုက်ဘူး။ အခုနှစ် စိုက်ပြီးသားကြံတွေတောင်မှ ပြန်ဖော်ရမလိုဖြစ်နေတယ်" ဟု ကသစ်ကန်ကျေးရွာ ဒေသခံကြံစိုက်တောင်သူ ဦးမြင့်သောင်းကပြောကြားသည်။ "ကျွန်တော်တို့နဲ့နီးတဲ့ နဝဒေးသကြားစက်မှာဆိုရင် ကြံတစ်တန်စက်ရုံအရောက် ၄၅၀၀၀ ပေးပါတယ်။ ဒီဒုရဂ်ဗိုလ် သကြားစက်က ကြံတစ်တန်အရောက် ကျပ် ၃၈၀၀၀ ပေးတယ်။ ဒါတောင်မပြည့်ဘူး။ စက်ရုံကကြံတင်ဖို့ ကားလွှတ်ပေးတယ်။ ကားခက ၅၈၆၀ ပေးရတယ်။ တောင်သူကို ကြံတစ်တန်ကို ၃၁၅၀၀ ပေးတယ်။ သူတို့ပြောထားတဲ့ ၃၈၀၀၀ ဈေး တောင်အပြည့် မရပါဘူး။ ပြီးခဲ့တဲ့နှစ် ကြံစိုက်ချိန်က စက်ရုံကနေကြံတစ်ဧကကို စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၉၀၀၀၀ နှုန်းချေးခဲ့တယ်။ ငွေချေးစဉ်က တခြားသကြားစက်တွေနဲ့တန်းတူ ကြံဈေးပေးဝယ်မယ်ဆိုပြီးချေးခဲ့တာ။ အခုကျတော့ အနီးဆုံးပုဂ္ဂလိက သကြားစက်နဲ့တောင် ဈေးက ကျပ် ၇၀၀၀ ကွာနေတယ်။ ဒီသကြားစက်ကိုတော့ တောင်သူတွေကဘယ်လိုမှ မှီခိုလို့မရတော့ ဘူးဖြစ်နေတယ်" ဟု စကြီးကျေးရွာက ကြံစိုက်တောင်သူ ကိုကျော်ဌေးလှိုင်ကပြောကြားသည်။

MEC ပိုင် ဒုရဂ်ဗိုလ်သကြားစက်သို့ကြံ သွင်းရာတွင်လည်း ကြံကားများအား ကြံအမှိုက်များ ဖြတ်တောက်ခံနေရပြီး ကြံတန် ၂၀ လျှင် အမှိုက်တစ်တန်ခန့် ဖြတ်တောက်ခံနေရကြောင်း အလားတူ ကြံဈေးမကောင်းခြင်းကြောင့် တောင်သူများကြံစိုက်ရန် ထယ်ရေးပြင်ထားသည့် မြေများတွင်လည်း ပဲများကြဲနေကြပြီး ယခုနှစ်ကြံစိုက်ဧကများ လျော့နည်းနိုင်ကြောင်းလည်းသိရသည်။

**Source:** https://news-eleven.com/article/150027

## အီးယူမှ ဗြိတိန်နုတ်ထွက်မှုအရေးကို ၂၀၂၀ နှစ်ကုန်အထိ သက်တမ်းတိုးရေးအား ဝန်ကြီးချုပ်လက်မခံ

ဗြိတိန်နိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်က ရွေးကောက်ပွဲအပြီး ပထမဆုံးအောက်လွှတ်တော်ကို ဥက္ကဋ္ဌသစ် လင်ဆေးဟိုလီ သဘာပတိမှုလျက် ပြန်လည်ကျင်းပသည်။ ထိုလွှတ်တော်တွင် ဝန်ကြီးချုပ် ဘော်ရစ်ဂျွန်ဆင်က လွှတ်တော်အမတ်များအနေဖြင့် ပြည်သူများ၏ ဦးစားပေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ပေးနိုင်ရမည် ဖြစ်ကြောင်း ပြောကြားသည်။ ဒီဇင်ဘာ ၁၇ ရက်က ကျင်းပသော ပထမဆုံးကက်ဘိနက်အစည်းအဝေးတွင်လည်း ဝန်ကြီးချုပ်ဘော်ရစ်ဂျွန်ဆင်သည် အီးယူမှ ဗြိတိန် နုတ်ထွက်နိုင်ရေး အကူးအပြောင်းကာလ ကို ၂၀၂၀ နှစ်ကုန်အလွန်အထိ သက်တမ်းတိုးရေးသည် တရားမဝင်ကြောင်း ကြေညာရန်ကြိုးပမ်းခဲ့သည်။



ဥရောပသမဂ္ဂအီးယူမှ ဗြိတိန်နုတ်ထွက်မှု ဘရစ်ဇစ်အရေးကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်မည့် ဘော်ရစ်ဂျွန်ဆင် ၏ ပေါ်လစီသည် ထောက်ခံမှုများစွာရထားသည်။ လာမည့် ဇန်နဝါရီ မကုန်မီ ဥရောပမှ ဗြိတိန်နုတ်ထွက်ခြင်းဖြင့် ဘရစ်ဇစ်ကို အပြီးသတ်မည်ဟု ကတိစကားအားဖြင့် ပြီးခဲ့သည့် သီတင်းပတ်ကကျင်းပသော ရွေးကောက်ပွဲတွင် ထောက်ခံမှု အများအပြားရရှိကာ ဝန်ကြီးချုပ် ဘော်ရစ်ဂျွန်ဆင်က ပြန်လည်ရွေးကောက်ခံရခြင်းဖြစ်သည်။ ဘရစ်ဇစ်အရေးတွင် ၂၀၂၀ အထိ သတ်မှတ်ကာလသည် ပြည့်စုံသော ဘုံသဘော တူညီချက်ရရှိရေးအတွက် နည်းပါးလွန်းသည့်အချိန်ဖြစ်ပြီး သဘော တူညီချက်မဲ့ ဘရစ်ဇစ်ထပ်မံပေါ်ပေါက်လာနိုင်ကာ မရေရာမှုများနှင့်ကသောင်းကနင်းဖြစ်မှုများ ထပ်မံဖြစ်ပွားလာနိုင်သည်ဟု အချို့သော ဥရောပခေါင်းဆောင်များကပြောကြသည်။

ထိုသို့ ဘရစ်ဇစ်ကာလကို သက်တမ်းတိုးလိုသော မှတ်ချက်စကားများကြောင့် စတာလင်ပေါင်ဈေး ထိုးကျခဲ့သည်။ သို့သော် ရွေးကောက်ပွဲအပြီး ပထမဆုံးကျင်းပသော ဒီဇင်ဘာ ၁၇ ရက်က ကက်ဘိနက်အစည်းအဝေးတွင် ဝန်ကြီးချုပ် ဘော်ရစ်ဂျွန်ဆင်က ဘရစ်ဇစ်အကူးအပြောင်းကာလ သက်တမ်းတိုးမည်ဆိုခြင်းအား လက်မခံကြောင်းပြောဆိုရာမှ စတာလင်ပေါင်ဈေး ပြန်လည်မြင့်တက်လာခဲ့သည်။ "ဒီတိုင်းပြည်က မဲပေးပြည်သူတွေဟာ ပိုပြီးကောင်းမွန်ဖို့အတွက် ဒီအစိုးရနဲ့ ကျွန်တော်တို့ တွေရဲ့ပါတီကို အပြောင်းအလဲတွေ ပေးအပ်ခဲ့တယ်။ ကျွန်တော်တို့ရဲ့နိုင်ငံကို ပိုမိုကောင်းမွန်အောင်ဖော်ဆောင်ပြီး မဲပေးသူ တွေရဲ့ ယုံကြည်မှုကို ပြန်လည်ပေးဆပ်ကြရမှာဖြစ်တယ်"ဟု ဒေါင်းနင်းလမ်းရုံးတွင်ပြုလုပ်သော ကက်ဘိနက် အစည်းအဝေး တွင် ဝန်ကြီးချုပ်ကပြောခဲ့သည်။

**Source:** http://www.mizzimaburmese.com/article/64444

## အိန္ဒိယနိုင်ငံ၌ မတ်ပဲတန်ချိန် ၂.၅ သိန်းအား တိုးမြှင့်တင်သွင်းခွင့်ပြုခြင်း

အိန္ဒိယနိုင်ငံ၌ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မတ်ပဲ တင်သွင်းခွင့် ကိုတာသတ်မှတ်ချက်ကို မူလက တန်ချိန် ၁.၅ သိန်း သတ်မှတ်ထားရာမှ နောက်ထပ်တန်ချိန် ၂.၅ သိန်း တိုးမြှင့်တင်သွင်းခွင့် ပြုမည်ဖြစ်ကြောင်း အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ပကုန်သွယ်မှု ညွှန်ကြားရေးဦးစီးဌာန (DGFT) က ၁၉.၁၂.၂၀၁၉ နေ့တွင် Trade Notice No.43/2019–2020 ဖြင့် ကုန်သွယ်ရေးအသိပေးချက်ထုတ်ပြန်လိုက်ပါသည်။ အိန္ဒိယနိုင်ငံ၏ ၂၀၁၅–၂၀၂၀ နိုင်ငံခြားကုန်သွယ်မှုမူဝါဒအရ ဗဟိုအစိုးရက ၂၀၁၇ ခုနှစ်မှစတင်၍ ကန့်သတ်သွင်းကုန်စည်အဖြစ် သတ်မှတ်ထားသည့် မတ်ပဲအား ပြည်ပကုန်သွယ်မှု ညွှန်ကြားရေးဦးစီးဌာနကသတ်မှတ်သည့် ဘဏ္ဍာရေးနှစ်အတွင်း ကိုတာတန်ချိန် ၄ သိန်းအထိ ကန့်သတ်တင်သွင်းခွင့်ပြု လိုက်ကြောင်း၊ ယခုကန့်သတ်ချက်သည် အိန္ဒိယအစိုးရက နှစ်နိုင်ငံချင်း သို့မဟုတ် ဒေသဆိုင်ရာအဆင့် လက်မှတ်ရေးထိုး ထားရှိသည့်နားလည်မှုစာခွန်လွှာ (MoU) များနှင့် သက်ဆိုင်ခြင်းမရှိကြောင်း ဖော်ပြထားသည့်အမိန့်ကြော်ငြာစာကို ၁၈.၁၂.၂၀၁၉ နေ့တွင် အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

၃။ DGFT ဌာနသည် အဆိုပါအမိန့်ကြော်ငြာစာအရ ကုန်သွယ်မှုအသိပေးချက်ကို ထပ်ဆင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး တိုးမြှင့်တင်သွင်းခွင့်ပြုမည့် မတ်ပဲ တန်ချိန် ၂.၅ သိန်းအား ပြည်တွင်းရှိ ပဲခွဲစက်နှင့် ပဲသန့်စင်မှုလုပ်ငန်းလုပ်ကိုင်သူများသို့

တင်သွင်းခွင့်ကိုတာများ ခွဲဝေချထားပေးမည် ဖြစ်ကြောင်း၊ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်မှ ၃၁ ရက် နေ့အတွင်း အင်တာနက်အွန်လိုင်းမှ ကိုတာလျှောက်လွှာများ တင်သွင်းနိုင်ကြောင်း၊ ထပ်တိုး မတ်ပဲကိုတာ တန်ချိန် ၂.၅ သိန်းအား တင်သွင်းခွင့်ရရှိသည့်ကုမ္ပဏီများသည် ၃၁.၃.၂၀၂၀ နေ့ အိန္ဒိယနိုင်ငံ ဆိပ်ကမ်းသို့အရောက် တင်သွင်းရမည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source:** စီးပွားရေးသံမှူး-နယူးဒေလီမြို့

**Trade Notice No.43/2019-2020, Directorate General of Foreign Trade, Ministry of Commerce and Industry of India**

## ၂၀၁၉ ခုနှစ်တွင် အီးယူ၏ ဆိုလာစွမ်းအင်ဈေးကွက် ၁၀၀ ရာခိုင်နှုန်းကျော်ဖြင့် တိုးတက်

၂၀၁၉ ခုနှစ်တွင် ဥရောပသမဂ္ဂ၌ နေရောင်ခြည်စွမ်းအင်တပ်ဆင်ထုတ်လုပ်မှုသည် ၁၆.၇ ဂစ်ဂါဝပ် ရှိခဲ့ပြီး၊ ၂၀၁၈ ခုနှစ် တပ်ဆင်ထုတ်လုပ်မှု ၈.၂ ဂစ်ဂါဝပ်ရှိခဲ့သဖြင့် ယခုနှစ်တွင် ၁၀၄ ရာခိုင်နှုန်းဖြင့် တိုးတက်ခဲ့ကြောင်း ၁၀.၁၂.၂၀၁၉ နေ့တွင် ထုတ်ပြန်ခဲ့သည့် ဥရောပ၏ ဆိုလာစွမ်းအင်ဈေးကွက်သုံးသပ်ချက်အရသိရှိရကြောင်း၊ ယင်းသို့တိုးတက်မှုသည် ၂၀၁၀ ခုနှစ်မှစတင်၍ အီးယူ(၂၈)နိုင်ငံ၏ ဆိုလာစွမ်းအင်ဆိုင်ရာ အမြင့်မားဆုံး တိုးတက်မှုဖြစ်ခဲ့ကြောင်း Neweurope သတင်းဌာန၏ ၁၃.၁၂.၂၀၁၉ နေ့တွင် သတင်းထုတ်ပြန်ခဲ့မှုအရ သိရှိရပါသည်။ SolarPower Europe ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Walburga Hemetsberger က အီးယူတွင် ဆိုလာစွမ်းအင်အသုံးပြုမှုသည် တိုးတက်လျက်ရှိကြောင်း၊ ဆိုလာစွမ်းအင် ဖွံ့ဖြိုးမှု ခေတ်သစ်တစ်ခုသို့ ဝင်ရောက်လာပြီဖြစ်ပြီး၊ ၂၀၁၉ ခုနှစ်တွင် အခြားသော စွမ်းအင်ထုတ်လုပ်မှုများထက် ဆိုလာစွမ်းအင် တပ်ဆင်ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်ခဲ့ကြောင်း၊ ယခုကဲ့သို့ ဆိုလာစွမ်းအင်တပ်ဆင်ထုတ်လုပ်မှု သိသိသာသာ တိုးတက်လာခြင်းသည် ဥရောပကော်မရှင်အသစ်၏ ရာသီဥတုအရေးဆိုင်ရာအပိုင်းတွင် ခေါင်းဆောင်မှုနှင့်အတူ လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိခဲ့ပြီး ဥရောပ၏ အစိမ်းရောင်ရည်မှန်းချက် (Green Deal) လက်တွေ့ဖြစ်လာစေရေး အကူအညီပေးနိုင်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟုသိရှိရပါသည်။

ဥရောပတွင် ဆိုလာစွမ်းအင်တိုးတက်လာရခြင်း အကြောင်းအရင်းများစွာ ရှိကြောင်း၊ အဓိကအားဖြင့်စွမ်းအင် ထုတ်လုပ်မှု အရင်းအမြစ်များအနက် ဈေးအသက်သာဆုံးဖြစ်သော ဆိုလာစွမ်းအင်၏ ကုန်ကျစရိတ်သက်သာမှုအပိုင်း၌ ယှဉ်ပြိုင်နိုင် စွမ်းကြောင့် ဆိုလာစွမ်းအင်အတွက် ဝယ်လိုအားတိုးတက်လာခြင်းဖြစ်ပြီး၊ အီးယူအဖွဲ့ဝင်နိုင်ငံများအတွက် ၂၀၂၀ ပြည့်နှစ်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှုလိုအပ်ချက်များနှင့် ပြည့်မီစေရေးအတွက် အချိန်နီးကပ်လာခြင်းကြောင့်လည်း ဖြစ်ကြောင်း SolarPower Europe ၏ မူဝါဒရေးရာညွှန်ကြားရေးမှူးဖြစ်သူ Aurelie Beauvais က ပြောကြားခဲ့ကြောင်း သိရပါသည်။ ဥရောပကော်မရှင်၏ သန့်ရှင်းသော စွမ်းအင်အသုံးပြုမှုအစီအစဉ် (Clean Energy Package ) အရ ၂၀၃၀ ခုနှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုမှု ၃၂ ရာခိုင်နှုန်း ရည်မှန်းချက်ထားရှိခဲ့သဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါ ရည်မှန်းချက်နှင့် ကိုက်ညီမှုရှိစေရေးအတွက် စတင်ပြင်ဆင်လျက်ရှိကြပြီး၊ နိုင်ငံအလိုက် အစိုးရများအနေဖြင့် ကုန်ကျစရိတ် သက်သာသည့် ဆိုလာစွမ်းအင်ကို ပိုမိုတိုးတက်ရှာဖွေလာကြခြင်းဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့ သည်ဟု သိရှိရပါသည်။ ၂၀၁၉ ခုနှစ်တွင် စပိန်နိုင်ငံသည် ဆိုလာစွမ်းအင်တပ်ဆင်ထုတ်လုပ်မှု ၄.၇ ဂစ်ဂါဝပ်ရှိခဲ့ပြီး ဥရောပ၏ အကြီးဆုံး ဆိုလာစွမ်းအင်ဈေးကွက်ဖြစ်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် အတွက် ဥရောပ၏ ထိပ်တန်း ဆိုလာစွမ်းအင်ဈေးကွက်များမှာ ဂျာမနီ (၄ ဂစ်ဂါဝပ်)၊ နယ်သာလန် (၂.၅ ဂစ်ဂါဝပ်)၊ ပြင်သစ် (၁.၁ ဂစ်ဂါဝပ်)နှင့် ပိုလန် (၇၈၄ မဂ္ဂါဝပ်) တို့ဖြစ်ကြကြောင်း၊ ၂၀၁၉ ခုနှစ်တွင် အီးယူအဖွဲ့ဝင်(၂၈)နိုင်ငံအနက် (၂၆)နိုင်ငံ၌ ယခင်နှစ်ကထက် ဆိုလာစွမ်းအင် တပ်ဆင်ထုတ်လုပ်မှု တိုးတက်လာခဲ့ပြီး၊ ဥရောပ သမဂ္ဂတစ်ဝန်းလုံး၌ တိုးတက်လာခဲ့သည့် အခြေအနေဖြစ်ကြောင်း အဆိုပါ သတင်းကဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

https://ec.europa.eu/trade

# STOCK EXCHANGE (18.12.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 18th Dec. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 11,500 | 11,500 | 11,500 | 105 | 1,207,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,800 | 11,398 | 43,312,400 | 38,929,150 | 147,931 |
| MCB | 00003 | 8,300 | +100 | +1.22% | 8,300 | 8,300 | 8,300 | 5 | 41,500 | 10,400,986 | 86,328 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 23,000 | 22,500 | 215 | 4,839,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 54 | 156,600 | 12,823,224 | 37,187 |


## Market summary

As of 18th Dec. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 466.56 | +10.66 | +2.34% | 465.80 | 466.70 | 465.80 | 11,777 | 49,557,500 | 5 | 638,864 |

### Index chart




## Market Overview

As of 10:00 am, 18th Dec. 2019

| MYANPIX | 465.80 ▲ 9.90 |
|---|---|
| Total Volume (shares) | 1,341 |
| Total Value (MMK) | 8 mil |
| Listed Company | 5 |
| Market Cap. (MMK) | 637,824 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 500 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |